# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်

# မန္တလေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်း

# ဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၄ |
| ၄ | အခန်း(၃) အထွေထွေ | ၄ | ၅ |

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ**

**မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ**

**(၂၀၁၈ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃။)**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ တိုင်းဒေသ

ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ၅ နှစ် စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။

(ဃ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍအလိုက် မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု အကောင်အထည်ဖော်ရန် ရည်မှန်းလျာထားသည့် အချက်အလက်များ ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဇ) **ကဏ္ဍကြီး** ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄)ကဏ္ဍကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ)ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

(ဈ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့်သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး အဆင့်ဌာနများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်း အရ **(၈.၁)** ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် (၂.၉) ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် (၃.၉) ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် (၁.၈) ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် (၂၂.၂) ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းများကဏ္ဍတွင် (၁.၈) ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် (၁၀.၁) ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် (၆.၀) ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် (၅.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် (၉.၉) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် (၁၇.၂) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် (၆.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် (၇.၁) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် (၁၂.၃) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် (၈.၁) ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ခရိုင်အလိုက် တိုးတက်မှုနှုန်းမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) မန္တလေးခရိုင်တွင် (၁၁.၁) ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ပြင်ဦးလွင်ခရိုင်တွင် (၂.၁) ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကျောက်ဆည်ခရိုင်တွင် (၈.၈) ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) မိတ္ထီလာခရိုင်တွင် (၁၁.၉) ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) မြင်းခြံခရိုင်တွင် (၁.၂ )ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) ရမည်းသင်းခရိုင်တွင် (၂.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ညောင်ဦးခရိုင်တွင် (၀.၂) ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို **(၁၈.၄)** ရာခိုင်နှုန်းမှ **(၁၇.၅)** ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို **(၃၇.၃)** ရာခိုင်နှုန်းမှ **(၃၈.၀)** ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို **(၄၄.၃)** ရာခိုင်နှုန်းမှ **(၄၄.၅)** ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ငွေလုံးငွေရင်းကျပ် **(၁၉၆.၃၄၁)** ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် ဒေသအလိုက်၊ လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသောစီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း နှင့် လျော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့အပြင် ရေရှည် အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် ဒေသန္တရဖွံ့ဖြိုး တိုးတက်ရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ(၁)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၇၀၃၁၆၆.၃** | **၁၈.၈** | **၀.၈** | **၁၇၅၅၅၈၆.၄** | **၁၇.၉** | **၃.၁** |
| | ၁ | လယ်ယာ | ၁၃၆၇၅၀၆.၉ | ၁၅.၁ | ၀.၆ | ၁၄၀၇၀၉၅.၆ | ၁၄.၄ | ၂.၉ |
| | ၂ | သားငါး | ၃၃၂၁၀၀.၆ | ၃.၇ | ၁.၇ | ၃၄၄၉၉၄.၃ | ၃.၅ | ၃.၉ |
| | ၃ | သစ်တော | ၃၅၅၈.၈ | ၀.၀၄ | -၀.၃ | ၃၄၉၆.၅ | ၀.၀၄ | -၁.၈ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၂၆၅၆၁၈.၃** | **၃၆.၂** | **၉.၆** | **၃၅၅၂၀၂၆.၅** | **၃၆.၄** | **၈.၈** |
| | ၁ | စွမ်းအင် | ၂၂၁.၁ | ၀.၀၀၂ | -၃၅.၆ | ၂၇၀.၂ | ၀.၀၀၃ | ၂၂.၂ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၆၃၆၉၁.၆ | ၀.၇ | -၂၂.၆ | ၆၄၈၂၅.၇ | ၀.၇ | ၁.၈ |
| | ၃ | စက်မှုလက်မှု | ၂၃၄၄၆၁၀.၆ | ၂၆.၀ | ၁၀.၆ | ၂၅၈၀၂၇၉.၂ | ၂၆.၄ | ၁၀.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၀၅၄၂၀.၄ | ၂.၃ | ၁၅.၃ | ၂၁၇၈၀၇.၈ | ၂.၂ | ၆.၀ |
| | ၅ | ဆောက်လုပ်မှု | ၆၅၁၆၇၄.၆ | ၇.၂ | ၉.၀ | ၆၈၈၈၄၃.၆ | ၇.၁ | ၅.၇ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၀၆၈၇၆၅.၁** | **၄၅.၀** | **၈.၇** | **၄၄၆၄၁၇၃.၃** | **၄၅.၇** | **၉.၇** |
| | ၁ | ပို့ဆောင်ရေး | ၁၆၇၇၅၂၀.၆ | ၁၈.၅ | ၈.၁ | ၁၈၄၃၇၀၉.၁ | ၁၈.၉ | ၉.၉ |
| | ၂ | ဆက်သွယ်ရေး | ၃၁၃၆၃၂.၃ | ၃.၅ | ၁၃.၄ | ၃၆၇၆၂၃.၄ | ၃.၈ | ၁၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၃၇၃၇၆.၂ | ၀.၄ | ၂၂.၅ | ၃၉၈၉၃.၉ | ၀.၄ | ၆.၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၉၆၂၄၈.၃ | ၂.၂ | ၄.၃ | ၂၁၀၁၆၅.၈ | ၂.၁ | ၇.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၂၅၇၆၀.၈ | ၂.၅ | ၁၄.၉ | ၂၅၃၄၇၇.၈ | ၂.၆ | ၁၂.၃ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၁၆၁၈၂၂၆.၉ | ၁၇.၉ | ၇.၉ | ၁၇၄၉၃၀၃.၃ | ၁၇.၉ | ၈.၁ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၉၀၃၇၅၄၉.၇** | **၁၀၀.၀** | **၇.၅** | **၉၇၇၁၇၈၆.၂** | **၁၀၀.၀** | **၈.၁** |

ပူးတွဲ(၂)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်း**

**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၉၆၈၇၈၄.၆** | **၅၅.၀** | **၆.၄** | **၅၃၀၇၆၁၂.၉** | **၅၄.၃** | **၆.၈** |
| | ၁ | လယ်ယာ | ၁၃၆၇၅၀၆.၉ | ၁၅.၁ | ၀.၆ | ၁၄၀၇၀၉၅.၆ | ၁၄.၄ | ၂.၉ |
| | ၂ | သားငါး | ၃၃၂၁၀၀.၆ | ၃.၇ | ၁.၇ | ၃၄၄၉၉၄.၃ | ၃.၅ | ၃.၉ |
| | ၃ | သစ်တော | ၃၅၅၈.၈ | ၀.၀၄ | -၀.၃ | ၃၄၉၆.၅ | ၀.၀၄ | -၁.၈ |
| | ၄ | စွမ်းအင် | ၂၂၁.၁ | ၀.၀၀၂ | -၃၅.၆ | ၂၇၀.၂ | ၀.၀၀၃ | ၂၂.၂ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၆၃၆၉၁.၆ | ၀.၇ | -၂၂.၆ | ၆၄၈၂၅.၇ | ၀.၇ | ၁.၈ |
| | ၆ | စက်မှုလက်မှု | ၂၃၄၄၆၁၀.၆ | ၂၆.၀ | ၁၀.၆ | ၂၅၈၀၂၇၉.၂ | ၂၆.၄ | ၁၀.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၀၅၄၂၀.၄ | ၂.၃ | ၁၅.၃ | ၂၁၇၈၀၇.၈ | ၂.၂ | ၆.၀ |
| | ၈ | ဆောက်လုပ်မှု | ၆၅၁၆၇၄.၆ | ၇.၂ | ၉.၀ | ၆၈၈၈၄၃.၆ | ၇.၁ | ၅.၇ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၄၅၀၅၃၈.၂** | **၂၇.၁** | **၉.၃** | **၂၇၁၄၈၇၀.၀** | **၂၇.၈** | **၁၀.၈** |
| | ၁ | ပို့ဆောင်ရေး | ၁၆၇၇၅၂၀.၆ | ၁၈.၅ | ၈.၁ | ၁၈၄၃၇၀၉.၁ | ၁၈.၉ | ၉.၉ |
| | ၂ | ဆက်သွယ်ရေး | ၃၁၃၆၃၂.၃ | ၃.၅ | ၁၃.၄ | ၃၆၇၆၂၃.၄ | ၃.၈ | ၁၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၃၇၃၇၆.၂ | ၀.၄ | ၂၂.၅ | ၃၉၈၉၃.၉ | ၀.၄ | ၆.၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၉၆၂၄၈.၃ | ၂.၂ | ၄.၃ | ၂၁၀၁၆၅.၈ | ၂.၁ | ၇.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၂၅၇၆၀.၈ | ၂.၅ | ၁၄.၉ | ၂၅၃၄၇၇.၈ | ၂.၆ | ၁၂.၃ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၆၁၈၂၂၆.၉** | **၁၇.၉** | **၇.၉** | **၁၇၄၉၃၀၃.၃** | **၁၇.၉** | **၈.၁** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၉၀၃၇၅၄၉.၇** | **၁၀၀.၀** | **၇.၅** | **၉၇၇၁၇၈၆.၂** | **၁၀၀.၀** | **၈.၁** |

ပူးတွဲ(၃)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်း**

**ခရိုင်များအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | မန္တလေးခရိုင် | ၃၉၁၇၈၁၅.၉ | ၄၃.၄ | ၁၀.၄ | ၄၃၅၂၁၆၈.၂ | ၄၄.၅ | ၁၁.၁ |
| ၂ | ပြင်ဦးလွင်ခရိုင် | ၇၁၃၃၇၃.၆ | ၇.၉ | ၄.၈ | ၇၂၈၅၆၀.၈ | ၇.၅ | ၂.၁ |
| ၃ | ကျောက်ဆည်ခရိုင် | ၁၀၁၁၅၆၂.၁ | ၁၁.၂ | ၅.၄ | ၁၁၀၀၉၂၇.၅ | ၁၁.၃ | ၈.၈ |
| ၄ | မိတ္ထီလာခရိုင် | ၁၄၃၃၄၅၉.၁ | ၁၅.၉ | ၄.၅ | ၁၆၀၄၀၀၁.၂ | ၁၆.၄ | ၁၁.၉ |
| ၅ | မြင်းခြံခရိုင် | ၁၀၁၅၂၅၀.၄ | ၁၁.၂ | ၇.၄ | ၁၀၂၇၅၇၂.၄ | ၁၀.၅ | ၁.၂ |
| ၆ | ရမည်းသင်းခရိုင် | ၄၂၀၉၀၆.၅ | ၄.၆ | -၂.၁ | ၄၃၂၁၂၄.၉ | ၄.၄ | ၂.၇ |
| ၇ | ညောင်ဦးခရိုင် | ၅၂၅၁၈၂.၁ | ၅.၈ | ၁၀.၄ | ၅၂၆၄၃၁.၂ | ၅.၄ | ၀.၂ |
| ၈ | **တိုင်းဒေသကြီးချုပ်** | **၉၀၃၇၅၄၉.၇** | **၁၀၀.၀** | **၇.၅** | **၉၇၇၁၇၈၆.၂** | **၁၀၀.၀** | **၈.၁** |

## မန္တလေးတိုင်းဒေသကြီး၏

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်း

## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၈၅၈၄၉၈.၁** | **၁၈.၄** | **၄.၇** | **၁၉၉၅၈၂၇.၃** | **၁၇.၅** | **၇.၄** |
| | ၁ | လယ်ယာ | ၁၄၈၅၁၉၃.၈ | ၁၄.၇ | ၄.၁ | ၁၅၇၄၈၅၆.၂ | ၁၃.၈ | ၆.၀ |
| | ၂ | သားငါး | ၃၆၉၁၇၆.၅ | ၃.၇ | ၆.၉ | ၄၁၆၇၀၀.၀ | ၃.၇ | ၁၂.၉ |
| | ၃ | သစ်တော | ၄၁၂၇.၈ | ၀.၀၄ | ၁၃.၀ | ၄၂၇၁.၁ | ၀.၀၄ | ၃.၅ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၇၇၃၈၄၉.၅** | **၃၇.၃** | **၁၆.၁** | **၄၃၄၁၉၉၈.၃** | **၃၈.၀** | **၁၅.၁** |
| | ၁ | စွမ်းအင် | ၂၂၁.၁ | ၀.၀၀၂ | -၃၅.၆ | ၂၉၅.၂ | ၀.၀၀၃ | ၃၃.၅ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၆၇၄၃၁.၈ | ၀.၇ | -၁၉.၃ | ၆၇၅၄၂.၇ | ၀.၆ | ၀.၂ |
| | ၃ | စက်မှုလက်မှု | ၂၇၅၇၂၆၃.၂ | ၂၇.၃ | ၁၇.၆ | ၃၂၃၂၆၂၄.၉ | ၂၈.၃ | ၁၇.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၀၆၂၆၉.၈ | ၂.၀ | ၁၅.၅ | ၂၁၈၆၁၈.၇ | ၁.၉ | ၆.၀ |
| | ၅ | ဆောက်လုပ်မှု | ၇၄၂၆၆၃.၆ | ၇.၃ | ၁၅.၃ | ၈၂၂၉၁၆.၈ | ၇.၂ | ၁၀.၈ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၄၈၂၄၉၈.၈** | **၄၄.၃** | **၁၅.၇** | **၅၀၈၃၅၇၈.၂** | **၄၄.၅** | **၁၃.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၇၃၄၁၃၂.၆ | ၁၇.၁ | ၁၀.၁ | ၁၉၄၉၇၄၀.၈ | ၁၇.၁ | ၁၂.၄ |
| | ၂ | ဆက်သွယ်ရေး | ၃၁၀၅၃၂.၈ | ၃.၁ | ၁၂.၈ | ၃၆၇၆၂၃.၄ | ၃.၂ | ၁၈.၄ |
| | ၃ | ငွေရေးကြေးရေး | ၃၇၃၇၆.၂ | ၀.၄ | ၂၂.၅ | ၃၉၈၉၃.၉ | ၀.၃ | ၆.၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၁၃၃၁၃.၄ | ၂.၁ | ၁၃.၂ | ၂၃၅၂၂၇.၅ | ၂.၁ | ၁၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၆၆၃၂၈.၃ | ၂.၆ | ၂၇.၇ | ၃၁၀၈၇၁.၀ | ၂.၇ | ၁၆.၇ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၁၉၂၀၈၁၅.၅ | ၁၉.၀ | ၂၀.၄ | ၂၁၈၀၂၂၁.၆ | ၁၉.၁ | ၁၃.၅ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၁၀၁၁၄၈၄၆.၄** | **၁၀၀.၀** | **၁၃.၇** | **၁၁၄၂၁၄၀၃.၈** | **၁၀၀.၀** | **၁၂.၉** |

ပူးတွဲ(၅)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်း**

**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၆၃၂၃၄၇.၆** | **၅၅.၇** | **၁၂.၀** | **၆၃၃၇၈၂၅.၆** | **၅၅.၅** | **၁၂.၅** |
| | ၁ | လယ်ယာ | ၁၄၈၅၁၉၃.၈ | ၁၄.၇ | ၄.၁ | ၁၅၇၄၈၅၆.၂ | ၁၃.၈ | ၆.၀ |
| | ၂ | သားငါး | ၃၆၉၁၇၆.၅ | ၃.၇ | ၆.၉ | ၄၁၆၇၀၀.၀ | ၃.၇ | ၁၂.၉ |
| | ၃ | သစ်တော | ၄၁၂၇.၈ | ၀.၀၄ | ၁၃.၀ | ၄၂၇၁.၁ | ၀.၀၄ | ၃.၅ |
| | ၄ | စွမ်းအင် | ၂၂၁.၁ | ၀.၀၀၂ | -၃၅.၆ | ၂၉၅.၂ | ၀.၀၀၃ | ၃၃.၅ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၆၇၄၃၁.၈ | ၀.၇ | -၁၉.၃ | ၆၇၅၄၂.၇ | ၀.၆ | ၀.၂ |
| | ၆ | စက်မှုလက်မှု | ၂၇၅၇၂၆၃.၂ | ၂၇.၃ | ၁၇.၆ | ၃၂၃၂၆၂၄.၉ | ၂၈.၃ | ၁၇.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၀၆၂၆၉.၈ | ၂.၀ | ၁၅.၅ | ၂၁၈၆၁၈.၇ | ၁.၉ | ၆.၀ |
| | ၈ | ဆောက်လုပ်မှု | ၇၄၂၆၆၃.၆ | ၇.၃ | ၁၅.၃ | ၈၂၂၉၁၆.၈ | ၇.၂ | ၁၀.၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၅၆၁၆၈၃.၃** | **၂၅.၃** | **၁၂.၄** | **၂၉၀၃၃၅၆.၆** | **၂၅.၄** | **၁၃.၃** |
| | ၁ | ပို့ဆောင်ရေး | ၁၇၃၄၁၃၂.၆ | ၁၇.၁ | ၁၀.၁ | ၁၉၄၉၇၄၀.၈ | ၁၇.၁ | ၁၂.၄ |
| | ၂ | ဆက်သွယ်ရေး | ၃၁၀၅၃၂.၈ | ၃.၁ | ၁၂.၈ | ၃၆၇၆၂၃.၄ | ၃.၂ | ၁၈.၄ |
| | ၃ | ငွေရေးကြေးရေး | ၃၇၃၇၆.၂ | ၀.၄ | ၂၂.၅ | ၃၉၈၉၃.၉ | ၀.၃ | ၆.၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၁၃၃၁၃.၄ | ၂.၁ | ၁၃.၂ | ၂၃၅၂၂၇.၅ | ၂.၁ | ၁၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၆၆၃၂၈.၃ | ၂.၆ | ၂၇.၇ | ၃၁၀၈၇၁.၀ | ၂.၇ | ၁၆.၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၉၂၀၈၁၅.၅** | **၁၉.၀** | **၂၀.၄** | **၂၁၈၀၂၂၁.၆** | **၁၉.၁** | **၁၃.၅** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၁၀၁၁၄၈၄၆.၄** | **၁၀၀.၀** | **၁၃.၇** | **၁၁၄၂၁၄၀၃.၈** | **၁၀၀.၀** | **၁၂.၉** |

ပူးတွဲ(၆)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်း**

**ခရိုင်များအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | မန္တလေးခရိုင် | ၄၃၉၈၆၅၅.၄ | ၄၃.၅ | ၂၃.၈ | ၅၁၀၈၄၈၁.၂ | ၄၄.၇ | ၁၆.၁ |
| ၂ | ပြင်ဦးလွင်ခရိုင် | ၇၇၄၆၂၉.၉ | ၇.၆ | ၂.၆ | ၈၁၆၃၆၆.၃ | ၇.၂ | ၅.၄ |
| ၃ | ကျောက်ဆည်ခရိုင် | ၁၁၂၃၁၂၂.၉ | ၁၁.၁ | ၂.၅ | ၁၂၈၀၇၂၀.၉ | ၁၁.၂ | ၁၄.၀ |
| ၄ | မိတ္ထီလာခရိုင် | ၁၆၁၉၄၀၀.၀ | ၁၆.၀ | ၁၃.၇ | ၁၈၉၄၈၅၇.၇ | ၁၆.၆ | ၁၇.၀ |
| ၅ | မြင်းခြံခရိုင် | ၁၁၄၃၂၂၅.၉ | ၁၁.၃ | ၉.၉ | ၁၂၂၀၇၇၇.၁ | ၁၀.၇ | ၆.၈ |
| ၆ | ရမည်းသင်းခရိုင် | ၄၅၁၄၁၄.၀ | ၄.၅ | -၈.၉ | ၄၈၁၃၉၇.၁ | ၄.၂ | ၆.၆ |
| ၇ | ညောင်ဦးခရိုင် | ၆၀၄၃၉၈.၃ | ၆.၀ | ၁၂.၈ | ၆၁၈၈၀၃.၅ | ၅.၄ | ၂.၄ |
| ၈ | **တိုင်းဒေသကြီးချုပ်** | **၁၀၁၁၄၈၄၆.၄** | **၁၀၀.၀** | **၁၃.၇** | **၁၁၄၂၁၄၀၃.၈** | **၁၀၀.၀** | **၁၂.၉** |